
သိန်းမင်းစာပေ

လုံးချင်းဝတ္ထုသစ်

# မုဒိတာလျှမ်းဝေ

## သွန်းပြီးနေသည့်ရင်တွင်းမိုး



# အခန်း (၁)

မေဇွန်ဦးက သဲသဲမဲမဲ ရွာနေသော မြင်ကွင်းကို မှန်ပြတင်းကနေ လှမ်းကြည့်ပြီး သက်ပြင်းငွေ့ငွေ့ ချလိုက်သည် ။

"ဖေဖေနဲ့ မေမေရယ်၊ ဒီနေ့ ဇွန်လတစ်ရက်နေ့၊ မေဇွန့်ရဲ့ နှစ်ဆယ့်နှစ်နှစ်မြောက် မွေးနေ့ပါ"

"မေဇွန့်မွေးနေ့ကို ဘယ်သူမှ မသိကြဘူး၊ မောင်လေး၊ ညီမလေးတွေက သိပ်ငယ်တော သူတို့ မသိကြပါဘူး"

မွေးနေ့တိုင်း မေဇွန့်ကို နွေးထွေးစွာ နှုတ်ဆက်ပြီး မွေးနေ့လက်ဆောင်ပေးတဲ့ မေမေတို့ ကို မေဇွန် အရမ်းသတိရတယ်။

"လွမ်းလိုက်တာ ဖေနဲ့ မေရယ်"

ကွယ်လွန်သွားသည် မှာ သုံးနှစ်ရှိပြီဖြစ်သော မိဘနှစ်ပါးကို မေဇွန်ဦးက တမ်းတစွာ ညည်းတွားလိုက်သည် ။ ရွှန်းလဲ့သော မေဇွန်ဦးရဲ့ မျက်ဝန်းတွေက စိုလက်သော မျက်ရည်များကြောင့် ပို၍ တောက်ပြောင်နေသည် ။

နံနက်စောစောထကာ မျက်နှာသစ်ပြီး ပြတင်းပေါက်နား ထိုင်ရင်း တွေးတောတမ်းတရင်း မေဇွန်ဦးရဲ့ ရင်မှာ ဝမ်းနည်းကြေကွဲမှုတွေ ပြည့်နှက်နေသည် ။

"ဖေ မေတို့ ရယ် မေဇွန်လေ ဝမ်းနည်း ကြေကွဲပေမဲ့ ဘဝကို သတ္တိရှိရှိ ရင်ဆိုင်နေပါတယ်"

လူမမယ် မောင်လေး၊ ညီမလေးတွေအတွက် မေဇွန်လေ ရှေ့ကနေ မားမားမတ်မတ် ရပ်တည်ပေးနေပါတယ်။

မိဘတွေကို တမ်းတပြီး ပျော့ညံ့စွာ ကျလာသော မျက်ရည်စတွေကို သုတ်လိုက်သည် ။

ဆွေးဆွေးငေးငေးဖြစ်နေပြီး နံနက်စာ ပြင်ဆင်ရမှာ ကိုပင် မဆာသေးပါ။

"မေဇွန် စောစောစီးစီး ဘာတွေတွေးနေတာလဲ"

ထမင်းစားခန်းဆီသို့ ဝင်လာသော သူငယ်ချင်း သဇင်က မေးလိုက်သည် ။

"ဘာရယ်မဟုတ်ပါဘူး၊ ဒီနေ့ ငါ့မွေးနေ့လေ၊ ဒါကြောင့် မေမေတို့ ကို လွမ်းမိတာ"

"ဟမ် ... ဟုတ်ပါရဲ့ ၊ အလုပ်များ တာနဲ့ ငါမေ့သွားတယ်၊ ဆောရီး ... သူငယ်ချင်း"

"ရပါတယ်ဟာ"

"ကဲ ... ငါ့အချစ်ဆုံး သူငယ်ချင်းလေး၊ မွေးနေ့ အသက်တစ်ရာ တိုင်ပါစေ၊ ကျန်းမာချမ်းသာ ပျော်ရွှင်ပါစေ"

"ကျေးဇူးပါပဲ သူငယ်ချင်းရယ်"

"ဟုတ်ပြီ၊ ဒီနေ့ နင့်မွေးနေ့လေးကို ညကျရင် ငါတို့ ကျင်းပပေးမယ်"

"ပိုက်ဆံကုန်ပါတယ်ဟာ"

"နည်းနည်းနဲ့ ကျဲကျဲဝိုင်းရမှာ ပေါ့၊ ပြီးတော့ ဆိုင်ကအပြန် ငါစီစဉ်ခဲ့မယ်"

"နေပါစေဆိုဟယ်"

"ဘာလို့ နေရမှာ လဲ၊ ဒီလောက်တော့ လုပ်ရမှာ ပေါ့"

"သဇင်ရယ်၊ နင်က ငါ့အပေါ် ဆွေမျိုးသားချင်းထက် ကောင်းတဲ့ သူငယ်ချင်းကောင်း တစ်ယောက်နော်"

"နင်လည်း ငါ့အပေါ်မှာ ဒီလိုပဲ မဟုတ်လား"

"အင်းလေ၊ ငါတို့ နှစ်ယောက်က ကံတူ အကျိုးပေး တူကြတယ်နော်"

"ဟုတ်တယ်၊ နင်က မောင်နှမသုံးယောက်ကို တာဝန်ယူရသလို၊ ငါကလည်း တူမတစ်ယောက်ကို တာဝန်ယူနေရတာပဲ မဟုတ်လား"

"အေးလေ၊ ကဲ ... ဒါတွေပြောမနေနဲ့ ၊ ကော်ဖီသောက်ပြီး ငါ ဆိုင်ကို အရင်သွားနှင့်မယ်"

"ကောင်းပါပြီ သူငယ်ချင်းရယ်"

သူငယ်ချင်းနှစ်ယောက် ပေါင်းပြီး ရှမ်းခေါက်ဆွဲဆိုင် ဖွင့်ထားသည် ။ ရှမ်းစပ်သော သဇင်က လုပ်တတ်ကိုင်တတ်ပြီး လက်ရာကောင်း၍ သူတို့ ဆိုင်လေးမှာ လူစည်ကားနေသည် ။

"မိမိတို့ များ မနိုးမချင်း မထဘူး၊ သွားနှိုးလိုက်ဦးမယ်"

အသက် ဆယ့်ခြောက်နှစ် ရှိပြီဖြစ်သော်လည်း မိမိက ကလေးတစ်ယောက်လို ဆိုးတုန်းပါ။ ပြောစကား နားမထောင်ဘဲ ထင်ရာလုပ်တတ်သဖြင့် သဇင်မှာ မိမိကို ထိန်းကျောင်းရတာ အလွန်ခက်ခဲနေသည် ။

"မိမိ ထစမ်း၊ ဘယ်နနာရီ ထိုးနေပြီလဲ"

"ဟာ… အစောကြီးရှိသေးတယ်၊ ဒေါ်လေးကလဲ"

"ဘယ်ကစောရမှာ လဲ၊ ခြောက်နာရီထိုးနေပြီ၊ ဈေးဝယ်ပြီး ဆိုင်သွားရမှာ လေ"

"ရှုပ်လိုက်တာ၊ အဲဒီဆိုင်အလုပ်ကြီးကို နေ့တိုင်းလုပ်နေရတာ ငြီးငွေ့တယ်"

"အောင်မယ် … အဲဒီဆိုင်ကြောင့် ညည်းနပ်မှန်အောင် စားနေတာ မဟုတ်လား"

"ဈေးသည် မလုပ်ချင်ဘူး၊ ဒီပြင်အလုပ် လုပ်ချင်တယ်"

"လုပ်လိုက်ရင် သေတော့မယ်"

သဇင်က စိတ်တို၍ သူ့တင်ပါးကို သုံးလေးချက် ရိုက်တော့မှ မိမိက အိပ်ရာက ထသည် ။ ငိုမဲ့မဲ့နှင့် ပါးစပ်က မကျေမနပ် ပွစိပွစိ လုပ်နေသည် ။

"မျက်နှာသစ်၊ မြန်မြန်လုပ်"

သဇင်က ပြောဆိုပြီး ထမင်းစားခန်းကို ထွက်သွားသည် ။ မေခွန်ဦးက ကော်ဖီနှင့် ထမင်းကြော်ကို စားပွဲပေါ်မှာ ပြင်ဆင်ထားသည် ။

"ကလေးတွေ ကျောင်းသွားတော့မှ ဆိုင်ကိုလာမယ်နော်"

"အေးပါ"

သူတို့ ကော်ဖီသောက်ရင်း စကားပြောဆိုနေကြစဉ် ထမင်းစားခန်းဆီသို့ သုန်မှုန်သော မျက်နှာထားနှင့် မိမိက ရောက်လာသည် ။

"မျက်နှာက ဘယ်လိုဖြစ်နေတာလဲ"

မိမိရဲ့ မျက်နှာကို သဇင်က မျက်စောင်း ထိုးကြည့်ပြီး မေးသည် ။

"ဒေါ်လေးတို့ အလုပ်ကလည်း နေ့တိုင်း အစောကြီးထ၊ မိုးချုပ်မှ ပြန်နဲ့ နားရက်ကိုမရှိဘူး"

"နားရက်ရှိရအောင် ရုံးမှ မဟုတ်တာ၊ စားသောက်ဆိုင်ပဲ၊ နားလို့ ရမလား"

"တစ်ရက်တလေတော့ နားပေ့ါ"

"ရောင်းကောင်းနေတာ၊ မနားနိုင်ပါဘူး"

"မိမိက ပိုပင်ပန်းပြီး ဒေါ်လေးသူငယ်ချင်းက သက်သာတာ မပြောဘူး"

မေဇွန်ဦးကို မကြည်လင်သော အကြည့်နှင့် မိမိက ပြောသည် ။ မိမိသူတို့ ထံသို့ ရောက်လာသည် မှာ ခြောက်လခန့်ရှိပြီ ဖြစ်သော်လည်း မိမိရဲ့ ခင်မင်မှုကို မေဇွန်ဦး မရရှိသေးပါ။

"မိမိရယ် အန်တီ့ကို စိတ်မဆိုးပါနဲ့ ၊ အားတာနဲ့ အန်တီလည်း ဆိုင်လာတာပဲကွယ်"

"မိမိ နင့်ပါးစပ်ပိတ်ထားစမ်း၊ ငါတို့ သူငယ်ချင်းနှစ်ယောက် စိတ်တူကိုယ်တူနဲ့ အလုပ်လုပ် ခဲ့တာကြာပြီ၊ နင်လာမှ စိတ်ဝမ်းမကွဲပါစေနဲ့ "

"ဒေါ်လေးက မိမိကိုဆိုရင် ဘယ်တော့မှ မျက်နှာသာမပေးဘူး"

မိမိက စိတ်ဆိုးမာန်ဆိုးနှင့် ခြေဆောင့်ပြီး ထမင်းစားခန်းမှ ထွက်သွားသည် ။

"မေဇွန်ရယ် သူ့ကို နားလည်ပေးလိုက်ပါ၊ သူရိုင်းတဲ့ အတွက် နင့်ကို အားနာတယ်"

"သူငယ်ချင်းရယ်၊ နင့်တူမကလည်း ငါ့တူမပဲဟာ၊ ပြောစရာ မလိုပါ

ဘူး၊ နားမလည်သေးတော့ ခွင့်လွှတ်ရမှာ ပေါ့"

"အစ်ကိုက မိတဆိုးလေးဆိုပြီး သူ့ကို သိပ်အလိုလိုက်ခဲ့တယ်"

"အဖေမရှိတော့ဘူးဆိုတော့ တဖြည်းဖြည်း သူ့ကိုယ်သူ ပြုပြင်လာမှာ ပါ"

"ကဲ ... ဒါဆိုငါသွားမယ်"

"ကလေးတွေ ကိစ္စပြီးတာနဲ့ လာခဲ့မယ်"

"အေးပါ"

သဇင်က ထွက်သွားပြီး မေဓွန်ဦးက ကျောင်းသွားမည့် ကလေးတွေအတွက် ထမင်းချိုင့် ထည့်ရန် ပြင်ဆင်သည် ။ အကြီးဆုံးမ မာမာက ဆယ့်နှစ်နှစ်၊ အလတ်ကောင် တာတာက ဆယ်နှစ်၊ အငယ်ဆုံးမလေး ဝါဝါက ခြောက်နှစ်ပါ။

မာမာက သိတတ်နားလည်ပြီး အငယ်တွေကို ထိန်းကျောင်း ကြည့်ရှုနိုင်၍ မေဓွန်ဦးလည်း ဆိုင်ကို စိတ်ချလက်ချ ထွက်နိုင်သည် ။

"မမကြီးရေ မာ ဘာလုပ်ပေးရမလဲ"

"မောင်လေးနဲ့ ညီမလေး မနိုးသေးဘူးလား"

"ဟင့်အင်း ..."

"နှိုးတော့လေ၊ နောက်ကျနေပြီ"

"ဟုတ်ကဲ့"

မာမာက တာတာနှင့် ဝါဝါကို အိပ်ရာကနှိုးပြီး မျက်နှာသစ်ခိုင်းကာ ထမင်းစားခန်းကို လာစေသည် ။ ကော်ဖီနှင့် ထမင်းကြော်စားပြီး ကလေးသုံးယောက် ရေမိုးချိုး၍ ကျောင်းသွားရန် ပြင်ဆင်သည် ။

မာမာက စားသောက်ပြီးသား ပန်းကန်တွေကို ကူဆေးပြီး မေနွန်ဦး ထည့်ပေးထားသော ထမင်းချိုင့်တွေကို ကိုယ်စီနဲ့ ခြင်းထဲထည့်ပြီး ရေဘူးကအစ စီစဉ်ထည့်ပေးထားသည် ။

အားလုံး ရေမိုးချိုးပြင်ဆင်ပြီး အိပ်ရာခန်းကို သော့ခတ်ကာ ထွက်ခဲ့ကြသည် ။

***

# အခန်း (၂)

မေဇွန်ဦးတို့ ရဲ့ မိဘနှစ်ပါးစလုံး ကားအက်ဆီးဒင့်ဖြစ်ပြီး သေဆုံးခဲ့ကြသည် ။ ရရစားစား လူတန်းစားမိဘတွေက သူတို့ ကို ပြည့်စုံအောင် မထားပေးနိုင်ခဲ့ပါ။

မေဇွန်ဦးက ဘွဲ့ရပြီးသော်လည်း အလုပ်အကိုင် မရှိသေးပါ။ အငယ်မောင်နှမ သုံးယောက်ရဲ့ တာဝန်က သူ့တာဝန်ဖြစ်နေပြီမို့ တော်ရုံလခနှင့်လည်း မလုံလောက်နိုင်ပါ။

မေဇွန်ဦးရဲ့ အမေ ဆုံးပါးသွားပြီး ဖခင်က နောက်အိမ်ထောင်ပြုခဲ့သည် ကို မေဇွန်ဦးက ခွင့်လွှတ် နားလည်ပေးခဲ့သည် ။

နောက်အိမ်ထောင်နှင့်ရသော မောင်နှမတွေကိုလည်း မေဇွန်ဦးက အလွန်ချစ်ပါသည် ။ မိဘတွေ ကွယ်လွန်သွား သဖြင့် ကလေးတွေရဲ့ တာဝန်က သူ့အပေါ်ကို လုံးလုံးလျားလျား ကျရောက်လာပါတော့သည် ။

သူငယ်ချင်းသဇင်က သူ့မိဘတွေ ထားခဲ့သော အိမ်ကို တစ်ခြမ်းငှားပြီး တစ်ခြမ်းမှာ သူတစ်ယောက်တည်း နေသည် ။

သဇင် အကြံပေးခြင်းကြောင့် မိဘတွေရဲ့ တန်ဖိုးမကြီးလှသော အိမ်ကိုရောင်းပြီး သဇင့်အိမ်တွင် ပြောင်းနေသည် ။ သဇင်ရဲ့ ကူညီဖေးမမှုကြောင့် မေဇွန်ဦးမှာ အစစ အရာရာ အဆင်ပြေခဲ့သည် ။ သဇင်က အိမ်တစ်ခြမ်းကို ငှားသောလခနှင့် သူတစ်ယောက်စာ ဖူလုံသော်လည်း အစ်

ကိုဆုံး၍ သူ့အပေါ် တာဝန်ကျလာသော တူမဆိုးပါသဖြင့် ရသည့်ငွေက မလုံလောက်တော့ပါ။

အပြင်စီးပွားတစ်ခုကို စဉ်းစားရင်း ရှမ်းခေါက်ဆွဲဆိုင်လေးကို ဖွင့်ဖြစ်ကြသည် ။ မုန့်ထားသည် ထက် ပို၍ အဆင်ပြေသည် ကို ကြုံရသည် ။

ကလေးတွေ ကျောင်းပို့ပြီး ညနေကျောင်းက ပြန်လာလျှင် စားသောက်ရန် အုပ်ဆောင်းထဲတွင် ပြင်ဆင်ပေးထားခဲ့ပြီး ဆိုင်သို့ထွက်လာသည် ။

နံနက်ပိုင်း လူအကျနည်း၍ ဆိုင်မှာ နံနက်ပိုင်းဆိုလျှင် သဇင်နှင့် မိမိတို့ နှစ်ယောက် နိုင်နင်းနေသည် ။

မေဇွန်ဦးရောက်ပြီး စားသူလေးငါးဦး ရောက်လာသဖြင့် မေဇွန်ဦးက ဝင်လုပ်လိုက်သည် ။ စားသောက်သူတွေ ပါးသွားသည့် အချိန်မှာ မိမိက အပြင်သွားဦးမည်ဟု ပြောသည် ။

"ဘယ်သွားမလို့ လဲ မိမိ"

"အလုပ်ကလေး ဘာလေး သွားရှာမလို့ လေ"

"ဘာရှာစရာလိုလဲ၊ ဒီဆိုင်ကအလုပ်က အလုပ် မဟုတ်ဘူး လား"

"ဒီဆိုင်မှာ လုပ်တာ ဘယ်လောက်ရလို့ လဲ"

"နင့်ကို မုန့်ဖိုးလည်း ပေးတယ်၊ လိုအပ်တာလည်း ဝယ်ပေးတယ်၊ ဘာလိုသေးလို့ လဲ"

"အဲဒီလောက်လေးနဲ့ ဘာသွားလုပ်ရမှာ လဲ"

"မိမိနော်၊ နင် ကျေးဇူးကန်းစကား မပြောနဲ့ ၊ ငါလည်း တတ်နိုင်သလောက် နင့်ကို ဖြည့်ဆည်းပေးနေတာပဲ"

"ဖေဖေရှိတုန်းကဆိုရင် မိမိသုံးချင်တာ သုံးလို့ ရတယ်၊ ဘယ်တော့မှ မတွန့်တိုဘူး"

ချစ်လှစွာသော အစ်ကိုနှင့် တထေရာတည်း မသိမသာ ဆိုးဝါးစွာတူလွန်းသော တူမကို ကြည့်ပြီး သဇင်က စိတ်ပျက်စွာ သက်ပြင်းချလိုက်သည် ။

အစ်ကိုက တစ်ပြားတစ်ချပ်မှ မချန်ခဲ့ဘူး။ သူ့ထံသို့ မိမိအား ပေးလိုက်ပြီး တာဝန်အပြည့် ပေးခဲ့သည် ။ သဇင်က အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးသော်လည်း မိမိက အသိတရားမရှိသည့်အတွက် အလွန် စိတ်ပျက်မိသည် ။

သူ့ရဲ့ တစ်ဦးတည်းသော တူမလေးမို့ ချစ်သည့်စိတ်နှင့်ပင် ခွင့်လွှတ်လိုက်ရသည် သာ။

"ဒေါ်လေးပြောမယ်နော်၊ ထင်ရာလျှောက်လုပ်မနေနဲ့ "

"စိတ်ချ"

ပြောမရ ဆိုမရသော တူမကို သက်ပြင်းချပြီး ကြည့်၍ ကျန်ခဲ့ရုံကတစ်ပါး သဇင် မတတ်နိုင် တော့ပါ။ မိမိက အလွန်ထိန်းရခက်သော ဆယ်ကျော်သက်လေးပါပဲ။

"မေဓွန်ရယ်၊ အစ်ကိုက အတော် အလိုလိုက်ထားတာ၊ မိမိက အရမ်းကို ထိန်းရခက်နေပြီ"

"တဖြည်းဖြည်း ပြုပြင်ယူရမှာ ပေါ့ သဇင်ရယ်"

"ငါတို့ ရှန်းကန်နေရတာ မြင်ရက်သားနဲ့ သိပ်ကို မသိဆိုးဝါးတယ်"

သဇင်က စိတ်မကောင်းစွာနှင့် ပြောသည် ။ ရောက်လာသည် မှာ

ခြောက်လခန့်ရှိပြီဖြစ်သော မိမိရဲ့ ပုံစံကို သဇင်က နည်းနည်းလေးမှ ပြုပြင်နိုင်ခဲ့ခြင်း မရှိပါ။

***

ညနေ ကျောင်းကအပြန် ညီမလေးနှင့် မောင်လေးကို မာမာက ထိန်းကျောင်းပြီး ခေါ်လာသည် ။ အိမ်ပြန်ရောက်ပြီး ခဏဆော့ကစားစေကာ ရေချိုး၊ ထမင်းကျွေးပြီး စာကျက်ခိုင်း သည် ။

မာမာက အရွယ်နှင့်မလိုက်အောင် သိတတ်လိမ္မာသောကြောင့် မေဒွန်ဦးလည်း သက်သာနေသည် ။ စိတ်ဖြောင့်ဖြောင့်နှင့် စီးပွားရှာနိုင်နေသည် ။

မိမိထက် မာမာက သိတတ်နားလည်သည့်အတွက် မေဒွန်ဦး ကျေနပ်ဝမ်းသာရပါသည် ။ ဆိုင်က ညကိုးနာရီအထိ ဖွင့်သဖြင့် ဆိုင်ပိတ်ပြီး သိမ်းဆည်းသည် နှင့် အိမ်ကို ဆယ်နာရီလောက်မှ ရောက်သည် ။

အိမ်ရောက်တော့ ကလေးနှစ်ယောက်က အိပ်နေပြီး မာမာက အိုးခွက်ပန်းကန်တွေကို ဆေးကြောပြီး အိမ်အလုပ်ကို သူတတ်သလောက် လုပ်ပေးပြီးမှ စာကျက်ခွင့်ရလေသည် ။

"ညီမလေး မာမာရေ၊ ဒီနေ့ ကလေးတွေ နေကောင်းရဲ့ လား"

"ဟုတ်ကဲ့ မမကြီး"

"ပြောစကား နားထောင်လား"

"နားထောင်ပါတယ်"

"ညီမလေးလည်း အိပ်တော့လေ"

"ဟုတ်ကဲ့"

သူတို့ ပြန်ရောက်မှ မာမာက အိပ်ရရှာသည် ။ မိမိက ပြန်ရောက်သည် နှင့် အိပ်ရာထဲ တန်းဝင် လာတော့သည် ။ သဇင်နှင့် မေဓွန်ဦးက ညဆယ့်တစ်နာရီ ကျော်မှ အိပ်ရပါတော့သည် ။

***

ဆိုင်တွင် နေ့လယ်ဘက် လူအားချိန်တိုင်း မိမိက အလုပ်ရှာမည်ဟု ထွက်သွားတတ်သည် ။ သဇင်ရဲ့ ပြောဆိုဆုံးမသည့် စကားကို မနာယူပါ ။

"မိမိက ဒီလိုပဲ ထင်တိုင်းလျှောက်သွားနေတာ ပျက်စီးမှာ စိုးရတယ် မေဓွန်ရယ်"

"အဖေနဲ့ က သိပ်ပြီး လွတ်လပ်နေခဲ့ရတာ အကျင့်ပါနေပြီ ထင်တယ် နော်"

"မြို့ကောင်ပေါက်အရှယ် မတော်တရော်တွေနဲ့ တွေ့သွားမှာ ပဲ စိုးရိမ်တယ်"

"ဟုတ်တယ် သဇင်၊ သူ့ကို သိပ်လွှတ်ထားလို့ မဖြစ်ဘူး"

"မာမာကမှ လိမ္မာသိတတ်သေးတယ်"

"သူသာ မလိမ္မာရင် အငယ်နှစ်ယောက်အတွက် ဒုက္ခပိုသွားမှာ "

"ဟုတ်တယ်၊ မိမိရဲ့ အမေကလည်း ခပ်ပေါ့ပေါ့ မိန်းမဆိုတော့ ဒီအဖေ၊ ဒီအမေက မွေးထားတော့ သူတို့ ရဲ့ ဗီဇတွေလည်း ပါလာတာပေ့ါ"

"ငါတို့ နဲ့ အနေကြာလာရင် သူ ပြောင်းလဲသွားမှာ ပါ"

"ဒီလိုပဲ မျှော်လင့်ရတော့မှာ ပေ့ါ"

မိမိအကြောင်းကို ပြောရသည် မှာ လည်း ပြောမဆုံး၊ ပြောမကုန်သည့် ကိစ္စပါ။

"ငါတို့ မှာ လည်း ဘယ်ကို ပြေးကြည့်ပြေးကြည့် အားကိုးစရာကို မရှိဘူးနော်"

"ဟုတ်ပါရဲ့ သဇင်ရယ်၊ အမျိုးအဆွေတွေ ကလည်း သူတို့ မိသားစုအရေးနဲ့ သူများကို မကူညီနိုင်ကြပါဘူး"

"နင်တို့ အမေဘက်က ငွေရေးကြေးရေး မကူညီနိုင်ပေမဲ့ နွေးထွေးမှု ရှိတယ်နော်"

"ဟုတ်တယ်"

"အဖေ့ဘက်က မောင်နှမ မရှိဘူးနော်"

"ဘကြီး လူပျိုကြီးပဲရှိတယ်၊ အဲဒီဘကြီးကလည်း ချမ်းသာပေမဲ့ ဖေဖေ သက်ရှိထင်ရှား ရှိတုန်းကတောင် အဆက်အသွယ် မလုပ်ဘူးလေ"

"နင်တို့ ဒီမှာ နေတာ သူသိတယ် မဟုတ်လား"

"ဟိုတစ်လောက ငါ သူ့ဆီ စာရေးလိုက်တယ်၊ လိပ်စာပါ ထည့်ပေးလိုက်တယ်လေ"

"ပြန်စာမရဘူးနော်"

"မရပါဘူး၊ စာပဲမရလို့ လား၊ ဒါမှ မဟုတ် တမင် မဆက်သွယ်တာလား မသိဘူး"

"သူသာကူညီရင် သိပ်ကောင်းမှာ ပဲနော်"

"အေးပေ့ါဟယ်၊ သူသာကူညီရင် ငါတို့ မောင်နှမတွေ ဘာပူစရာလိုလဲ"

"ချမ်းသာတဲ့ ယောကျ်ားတစ်ယောက် ရရင် နင့်အတွက် သိပ်အဆင်ပြေမှာ "

"ချမ်းသာလို့ ဆိုတာ တစ်ခုတည်းနဲ့ ငါ အိမ်ထောင်မပြုနိုင်ဘူး"

"ဘာလဲ၊ အချစ်ပါမှ လား"

"အင်းလေ၊ အိမ်ထောင်တစ်ခုက အချစ်ပါမှ ခိုင်မြဲမှာ ပေ့ါ"

"င့ါသူငယ်ချင်းကလည်း တော်တော် စိတ်ကူးယဉ်တာပဲကိုး"

"စိတ်ကူးယဉ်တာ မဟုတ်ပါဘူး၊ ဒါင့ါရဲ့ ခံယူချက်ပဲ"

"ငါကတော့ ဒီတစ်သက် အိမ်ထောင်ပြုဖြစ်မှာ မဟုတ်ပါဘူး"

"စကားကုန် မပြောနဲ့ ဦးလေ၊ ခုမှ အသက်ငယ်ငယ်လေး ရှိသေးတာ "

"ငယ်ငယ်ကတည်းက ဒီစိတ်၊ ကြီးလည်း ဒီစိတ်ပါပဲဟာ"

"ဟုတ်ပါတယ်လေ၊ ငါတို့ နှစ်ယောက်က ကံတူအကျိုးပေးပဲ၊ ကိုယ့်ထက် ကလေးတွေကို ဦးစားပေးရမှာ လေ"

"ဟုတ်တယ်၊ သူတို့ ကို ပြုစုပျိုးထောင်ရင်းနဲ့ အဘွားကြီးတွေ ဖြစ်သွားမှာ နော် မေဇွန်"

သဇင်က သူ့ဘာသာပြောရင်း သဘောကျစွာ ရယ်လိုက်သည် ။

"ဟော ... စားမယ့်သူ လာပြီ"

စကားပြောနေစဉ် ဆိုင်ရှေ့သို့ လူနှစ်ဦး ရောက်လာ၍ စကားပြတ်သွားသည် ။

***

တစ်နေ့သောနံနက် ကလေးတွေ ကျောင်းသွားပြီး မေဇွန်ဦးက ဆိုင်သွားရန် ပြင်ဆင်နေစဉ် အိမ်ရှေ့က တံခါးခေါက်သံ ကြား၍ ထွက်ကြည့်သည် ။

တစ်ခါမျှ မမြင်ဖူးသော ရုပ်ရည်သန့်သန့်နှင့် လူကြီးတစ်ယောက်ကို တွေ့လိုက်ရသည် ။

"ဘာကိစ္စရှိလို့ ပါလဲရှင်"

"ဒီအိမ်က မမေဇွန်ဦးနဲ့ တွေ့ပါရစေ"

"မေဇွန်ဦးက ကျွန်မပါပဲ"

"ဟုတ်လား၊ ခဏလောက် စကားပြောပါရစေ"

မေဇွန်ဦးက ဧည့်သည် ကို အိမ်ထဲခေါ်ရင်း ဘာအကြောင်းကိစ္စကြောင့် ရောက်လာသလဲ ဆိုတာ စဉ်းစားနေသည် ။

အိမ်ထဲသို့ရောက်ပြီး ဆက်တီမှာ ထိုင်ပြီးမှ ထိုသူက စတင်မိတ်ဆက်သည် ။

"ဦးက အကျိုးဆောင် အလုပ်လုပ်တဲ့ ဦးကျော်မြင့်ပါ"

"ဟုတ်ကဲ့၊ ဘာကိစ္စရှိလို့ ပါလဲ"

"မိန်းကလေးက ဦးဇေယျရဲ့ တူမနော်"

"ဟုတ်ပါတယ်"

"ဘယ်လို တော်စပ်တာပါလဲ"

"ဦးဇေယျက ကျွန်မရဲ့ အဖေ ဦးတေဇရဲ့ အစ်ကိုအရင်းပါ၊ သူက လူပျိုကြီးပါ၊ တောင်ကြီးမှာ နေပါတယ်"

"ဟုတ်ပါပြီ၊ ဒီလောက်ဆိုရင် ခိုင်လုံပါပြီ၊ ကလေးမရဲ့ မှတ်ပုံတင် လေး တစ်ဆိတ်လောက် ကြည့်ပါရစေ"

"ဘာကိစ္စရှိလို့ လဲရှင်"

"ပြောပါ့မယ်၊ မှတ်ပုံတင် ခဏလောက်ပြပါ"

မေဇွန်ဦးက ပိုက်ဆံအိတ်ထဲတွင် ထည့်ထားသော မှတ်ပုံတင်ကို ထုတ်ပြလိုက်သည် ။

"ကျေးဇူးတင်ပါတယ်ကွယ်"

မေဇွန်ဦးထံသို့ ဦးကျော်မြင့်က မှတ်ပုံတင်ကို ပြန်ပေးသည် ။

"လွန်ခဲ့တဲ့ တစ်လလောက်က မေဇွန်ဦးရဲ့ ဘကြီး ကွယ်လွန်သွားပါ တယ်"

"ရှင် ... ဘကြီးဆုံးပြီ ဟုတ်လား"

သူတို့ ကို ပြတ်တောက် လျစ်လျူရှုထားခဲ့သော ဘကြီး တကယ် သေ ဆုံးသွားပြီဆို၍ မေဇွန်ဦးက စိတ်မကောင်းပါ။

"သူဆုံးသွားတာ ဘာပြုလို့ ကျွန်မတို့ ကို အကြောင်းမကြားတာလဲ ရှင်"

"သေဆုံးသူရဲ့ ဆန္ဒအရပါ၊ သူ့ကို သေဆုံးတာနဲ့ ချက်ချင်း သင်္ဂြိုဟ်ဖို့ မှာ သွားပါတယ်၊ မကွယ်လွန်ခင်က သေတမ်းစာကို အတိအကျ ချုပ်ဆို ခဲ့ပါတယ်"

"သြော် ... စိတ်မကောင်းလိုက်တာရှင်၊ ဘကြီးအရင်းခေါက်ခေါက် ဆုံးတာတောင် မသိလိုက်ရဘူး"

"ဦးလေး တာဝန်ယူထားတဲ့ ကိစ္စကို ပြောပါရစေ"

"ဟုတ်ကဲ့ရှင့်"

"ဦးဇေယျက သူမကွယ်လွန်မီမှာ အတော်များများ လှူဒါန်းခဲ့ပါတယ် ၊ သူ့အိမ်ကြီးနဲ့ အမွေအချို့ကို တူမကြီးအတွက် လွှဲခဲ့ပါတယ်"

"ရှင် ... ဘကြီးက အမွေပေးခဲ့တယ်၊ ဟုတ်လား"

"ဟုတ်ပါတယ်"

"မယုံနိုင်စရာဘဲရှင်"

"သူ့ မှာ ပေးစရာ သွေးသားအရင်းအချာဆိုလို့ တူမကြီးတို့ ပဲ ရှိတာ ဆို"

"ဟုတ်ပါတယ်"

"ဒီ မှာ အိမ်စာချုပ်နဲ့ စာရွက်စာတမ်းတွေ အားလုံး တူမကြီး လက်မှတ်ထိုး ယူလိုက်ပါ"

မေဇွန်ဦးက စာရွက်စာတမ်း စာချုပ်များကို လက်မှတ်ထိုးယူသည် ။ ဦးကျော်မြင့်က ပြောဆိုစရာရှိသည် များကို မှာ ကြားပြီး ပြန်သွားသည် ။

မေဇွန်ဦးက သူ့ရှေ့က အဖိုးတန် စာချုပ်များကိုကြည့်ပြီး သူ့မှာ ပိုင်ဆိုင်မှုတွေ အတော်များ နေပြီဆိုတာ မယုံနိုင်လောက်အောင် ဖြစ်နေသည်။

အချိန်ကြာမြင့်စွာ တွေးတောငေးမောပြီးမှ စာချုပ်စာတမ်းများကို သိမ်းကာ ဆိုင်ကို ထွက်လာသည်။

***